# သုဓနု

# အိုင်အိုလွမ်းနောင်နှင့်

## မနုဿဗီဟာအရှုပ်တော်ပုံ



## နိဒါန်း

# မှော်ဆရာလူကြီး

နယ်မြို့လေးတစ်မြို့တွင် စည်ကားသော ဆိုင်ကြီးတစ်ဆိုင်ရှိလေ၏။ ထိုဆိုင်ကြီးသည် စားသောက်ဆိုင်ကြီးတစ်ဆိုင် ဖြစ်လေ၏။ စားသောက်ဆိုင်ကြီးတွင် အရက်၊ မိန်းမ၊ လောင်းကစား အစုံရှိလေ၏။ ထိုဆိုင်ကြီးတွင် ထူးဆန်းသော လူကြီးတစ်ဦးရှိလေ၏။ ထိုလူကြီး၏ အမည်သည် ကား သီဟဟု ခေါ်လေ၏။ ထိုလူကြီး သီဟသည် အသက်အရွယ်အားဖြင့် သုံးဆယ်ခန့်ရှိလေ၏။ သီဟသည် ထိုဆိုင်ကြီးတွင် လွန်စွာထူးဆန်းသော အလုပ်ကို လုပ်လေ၏။ ထိုအလုပ်သည် ကား မျက်လှည့်ပညာဖြင့် ဖျော်ဖြေသော အလုပ်ပင်ဖြစ်လေ၏။

စားသောက်ဆိုင်ကြီးတွင် ရှိသော လူများ သည် ထိုလူကြီးအား ကြောက်ရွံ့ရှိသေကြလေ၏။

သီဟသည် မိမိအလုပ်ပြီးချိန်ရောက်လျှင် မည်သူကိုမှ စကားမပြောဘဲ ၎င်းအား ပေးထားသော စားသောက်ဆိုင်နှင့် မနီးမဝေးရှိ တဲအိမ်ကလေးထံသို့ သွား၍ တယောထိုးနေလေ့ရှိ၏။

၎င်း၏ တယောသံသည် လွန်စွာမှ ပင် နားထောင်၍ ကောင်းလေ၏။

၎င်းတယောထိုးသည့် အချိန်မှာ ပုံမှန်အားဖြင့် ညကိုးနာရီခန့် ဖြစ်

လေ၏။ သီဟသည် ကိုးနာရီအချိန် ရောက်လျှင် ညစဉ်ညတိုင်း တယော ထိုးလေ့ရှိ၏။

သီဟသည် မည်သူကိုမျှ စကားမပြောသော်လည်း ကလေးများကိုမူ လွန်စွာချစ်တတ်သူ ဖြစ်၏။ ကလေးများ သည် ၎င်းတယောထိုးချိန်သို့ ရောက်လျှင် ၎င်း၏ အနီးသို့ စုဝေးရောက်ရှိလာကြပြီး နားထောင်နေတတ်ကြလေ၏။

သီဟကြီးသည် တစ်နာရီခန့် တယောထိုးပြီးတိုင်း ကော်ဖီတစ်ခွက်ကို အမြဲသောက်တတ်၏။

တစ်ညသ၌ သီဟသည် စားသောက်ဆိုင်ကြီး၌ အလုပ်လုပ်ပြီး အိမ်သို့ပြန်လာခဲ့၏။ အိမ်ရောက်လျှင် အဝတ်အစားလဲ၏။ သီဟသည် အဝတ်အစားလဲပြီးလျှင် ၎င်းကိုယ်တိုင်ချက်ထားသော ငါးသလောက်ပေါင်းနှင့် ညစာကို မြိန်ရှက်စွာ စားသောက်လေ၏။ ထို့နောက် အုန်းယို၊ နာနတ်ယိုတို့ အား ရေနွေးဖြင့်မြည်းကာ စားသောက်လေ၏။

ထို့နောက် သီဟကြီးသည် တယောနှင့် ဘိုးတံကို ယူကာ အိမ်ရှေ့ရှိ ဗာဒံပင်ကြီးအောက်တွင် လွမ်းမောဖွယ်တေးသွားများအား ဆိုညည်းလေနေ၏။

တယောသံကြားသောအခါ အနီးအနားမှ ကလေးများ လာရောက်၍ နားထောင်ကြလေ၏။

သီဟကြီးသည် ကလေးများအား မုန့်ဖက်ထုပ်များကို ဝေငှပေးလေ၏။

ကလေးများက သီဟကြီးအား

"မော်ဆရာကြီး ...."

"မှော်ဆရာကြီး ... ကျန်းမာပါစေ"

ဟု ဆုတောင်းပေးကြကုန်၏။

ကလေးများ သည် သီဟအား မျက်လှည့်ဆရာဖြစ်သောကြောင့် မှော်ဆရာကြီးဟု ခေါ်ကြ လေ၏။

သီဟကြီးသည် ကလေးများအား တယောထိုးပြရင်း အတန်ကြာလာလျှင်

"ကလေးတို့ ရေ ... ဒီကနေ့တော့ တော်လောက်ပြီ၊ ညလည်း အတော်နက်ပြီဆိုတော့ ပြန်ကြပေတော့"

ဟု ပြော လိုက်လေ၏။

သီဟကြီး၏ စကားကြောင့် ကလေးများက ခေါင်းညိတ်လိုက်ကြပြီး

"ပြန်ပါတော့မယ် မှော်ဆရာကြီး"

ဟု ညီညွတ်စွာပြောဆိုပြီး ပျော်ရွှင်စွာ ထွက်သွားကြလေတော့၏။

ထိုအခါတွင် မှော်ဆရာလူကြီးခေါ် သီဟကြီးက တယောအား နံဘေးတွင် ချ၍ သာယာနေသော ကောင်းကင်ကြီးအား မော့ကြည့်လိုက်ကာ ...

"ဒီည လပြည့်ညပါလား၊ သာယာဖို့ ကောင်းလိုက်တာ၊ ကြည်နူးစရာပါပဲလား"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

သီဟကြီးသည် ထိန်ထိန်သာနေသော လပြည့်ဝန်းကြီးအား ငေးမောကြည့်နေလေ၏။

၎င်း၏ မနောဝိညာဉ်သည် ပြန့်လွင့်နေ၏။ ၎င်း၏ ရင်ထဲ၌ ဗလာဟ

င်းလင်းဖြစ်နေ၏။

သီဟကြီးသည် အတန်ကြာအောင် ငြိမ်သက်နေရာမှ ညှင့်ကတစ်ကောင်၏ အော်သံကြောင့် သတိဝင် လာပြီး တယောအားကောက်ကိုင်ကာ အိမ်ထဲဝင်လာခဲ့လေ၏။

၎င်းသည် တယောအား နေရာတကျထားပြီး တံခါးပိတ်ရန် လာခဲ့လေ၏။

သီဟကြီးသည် တံခါးပိတ်လိုက်ရန်ပြုစဉ်တွင် ၎င်းထိုင်ခဲ့ရာ ဗာဒံပင်အောက်၌ အရိပ်တစ်ခုကို လရောင်ကြောင့် ထင်ရှားစွာ မြင်လိုက်ရ၏။

သီဟကြီးသည် တံခါးအားပြန်ဖွင့်၍ ဗာဒံပင်အောက်သို့ ကြည့် လိုက်လေ၏။

ဗာဒံပင်အောက်တွင် လူတစ်ဦး လဲကျနေသည် ကို မြင်၏။ သီဟကြီးသည် ထိုလဲကျနေသော လူရိပ်အား သေချာစွာ ကြည့်လိုက်၏။ သို့သော် ဗာဒံပင်အရိပ်ကြောင့် သေချာသဲကွဲစွာ မတွေ့ရပေ။

သီဟကြီးသည် ထိုလူအား ပွေ့ချီကာ အိမ်ထဲသို့ သယ်လာခဲ့လေ၏။

ထို့နောက် တံခါးကို ပိတ်လိုက်၏။ သီဟကြီးသည် ရေနံဆီမီးခွက်ကို ထွန်းညှိ လိုက်လေ၏။

ထို့နောက် သေချာစွာကြည့် လိုက်လေလျှင် သီဟကြီး၏ မျက်နှာသည် အံ့သြတကြီးဖြစ်သွားလေ၏။ ၎င်း၏ ခြေလက်တို့ သည် ရေခဲတမျှ အေးစက်သွားလေ၏။

၎င်း၏ နှုတ်မှ လည်း

"ဟာ ..."

ဟူသော အာမေဋိတ်သံသည် ထွက်သွားလေတော့၏။

၎င်း ချီမလာသော လူသည် လွန်စွာချောမောလှပသော မိန်းမချော လေးတစ်ယောက် ဖြစ်နေ သောကြောင့် ပင်တည်း။

သီဟကြီးမှာ အသက်ရှူရန် မေ့လျော့စွာဖြင့် မိန်းကလေး၏ မျက်နှာ ကို ငေးမောနေမိသည် ။

မိန်းကလေး၏ ဆံနွယ်များ သည် နက်မှောင်ကာ ရှည်လျား၏။

မိန်းကလေး၏ နှုတ်ခမ်းများ သည် နီထွေးကာ လှပနေလေ၏။ အသားအရောင်သည် နို့နှစ်ရောင်ကဲ့သို့ ဖြူဝင်းညက်ညောလှချေ၏။

ထိုအချိန်ဝယ် မိန်းကလေးသည် တစ်ချက်လူးလွန့် လာပြီး နှုတ်ခမ်း မှ လည်း ကယောင်ကတမ်းဖြင့်

"မနုဿီဟ ... မနုဿီဟ"

ဟု ရေရွတ်လိုက်၏။

ထိုစဉ် ခြံအပြင်ဘက်မှ လူတစ်စု ဖြတ်သွားကြသည် ကို သီဟသည် သတိပြုလိုက်မိလေ၏။

ထိုလူများ ၏ နှုတ်မှ

"ရအောင်ရှာကြ၊ ဒီမြို့မှာ ဒီမိန်းမ ရှိနေဦးမှာ ပဲ။ စောင့်ပြီးရှာကြ။ ဒီနားမှာ ပဲ ပျောက်သွားတယ်ကွာ။ တောက် ...."

ဟူသော စကားပြောဆိုသံကို ကြားလိုက်ရလေ၏။

ထိုအခါ သီဟကြီးက မီးကိုမှုတ်ငြိမ်းလိုက်ပြီး

"အင်း ... ဒီအတိုင်းဆို၊ ဒီမြို့ကြီးမှာ နေရင် မိန်းကလေးအတွက် အန္တရာယ်ရှိနိုင်တယ်၊ ဒီညပဲ မိန်းကလေးကိုခေါ်ပြီး ဒီမြို့က သွားရမယ် ...

ဟုတ်တယ် ... ဒီမြို့က ထွက်သွားရမယ်"

ဟု ရေရွတ်ကာ ဆုံးဖြတ်ချက်ချ လိုက်လေ၏။

သီဟသည် ထိုသို့ဆုံးဖြတ်ရင်း အပြင်သို့ ချောင်းကြည့်သောအခါ ခြံအရှေ့မှ လူများ သည် မကျေမချမ်းဟန်ဖြင့် အခြားတစ်နေရာသို့ ထွက်သွားကြပြီး ဖြစ်လေ၏။

သီဟကြီးသည် မိန်းကလေးအား ချီမလျက် ယူစရာရှိသည် များကို ယူပြီး၊ ၎င်း၏ ကိုယ်ပိုင် မြင်းလှည်းလေးပေါ်သို့ တင်လေ၏။

ထို့နောက် မြင်းကြီးအား အစာများ ဝအောင်ကျွေး၊ ရေကိုတိုက်ပြီးလျှင် မြင်းလှည်းအား ပြင်ဆင်လေ၏။

သီဟကြီးသည် မြင်းလှည်းအား ခြံအနောက်ဘက်မှ ပတ်၍ မြို့ပြင်သို့ မောင်းထွက်ခဲ့လေတော့၏။

မိန်းကလေးသည် လည်း မေ့မြောလျက်ရှိနေလေ၏။

၎င်းတို့ ၏ မြင်းလှည်းသည် မြို့ကလေးနှင့် ဝေးရာသို့ ဦးတည်၍ တဖြည်းဖြည်းမောင်းထွက်ခဲ့လေ၏။

နောက်တစ်နေ့သည် အလုပ်ပိတ်ရက် ဖြစ်၏။ ထို့ကြောင့် ဆိုင်ရှင်လူကြီးသည် သီဟကြီး မလာသည် ကို သတိမထားမိသေးပေ။

ည ကိုးနာရီခန့်တွင် ကလေးများ သည် သီဟကြီး၏ ခြံနားတဝိုက်မှ လှည့်ပတ်၍ စောင့်ကြည့်နေကြရင်း ဗိုက်ပူ ဟူသော ကလေးတစ်ဦးက ...

"မော်ဆရာကြီး မရှိတော့ပါလား၊ အိမ်တံခါးပိတ်ထားတယ်"

ဟု ပြောလေလျှင် ပါစီဟူသော ကလေးငယ်က ...

"မှော်ဆရာကြီး မရှိတော့ဘူး၊ တယောထိုးသံကို တို့ နားမထောင်ရတော့ဘူးကွ"

ဟု အော်ဟစ်ပြောဆို လိုက်လေတော့၏။

ထိုနေ့မှ စ၍ ထိုမြို့လေးတွင် လသာသော ညတစ်ည၌ ထူးဆန်းစွာ ပျောက်ဆုံးသွားသော တယောအထိုးကောင်းပြီး စိတ်ထားကောင်းသော မှော်ဆရာလူကြီးဟု ချစ်စနိုး ခေါ်ကြသော သီဟဟု အမည်ရသည့် လူတစ်ယောက် ထူးဆန်းစွာ ပျောက်ဆုံးသွားပုံကို ကလေးများ သာမက လူအများ ၏ နှုတ်တွင် ပင် ပုံပြင်တစ်ပုဒ်နှယ် ပြောဆိုနေကြလေတော့၏။

***

## ခါးကုန်းကြီးနှင့် ရွှေမှန်ဝိုင်း

မြေလတ်ပိုင်းမြို့ကလေးတစ်မြို့၏ အစွန်အဖျားဝယ် အနီရောင်အိမ်ကြီးတစ်အိမ် ရှိလေ၏။

ထိုအိမ်ကြီးသည် ကျွန်းဖြင့်ပြုလုပ်ထားသော နှစ်ထပ်အိမ်ကြီးဖြစ်လေ၏။ ထိုအိမ်ကြီးတွင် လွန်စွာချောမောလှပသော ညီအစ်မသုံးယောက် နေကြလေ၏။

ထိုညီအစ်မသုံးယောက်တို့ သည် တစ်ဦးကိုတစ်ဦး လွန်စွာချစ်ကြလေ၏။ ၎င်းတို့ ညီအစ်မ သုံးယောက်အမည်သည် ကား ဇေကရီ၊ ဒေဝီနှင့် မဟေသီဟူ၍ ဖြစ်ကြလေတော့၏။

အကြီးဆုံးဖြစ်သော ဇေကရီသည် မိဘများ ဆုံးပြီးစဉ်ကပင် မဟေသီနှင့် ဒေဝီတို့ အား စောင့်ရှောက်ခဲ့လေ၏။ ထိုအနီးအနားတစ်ဝိုက်ရှိ လူများ သည် ထိုညီအစ်မများအား ထူးဆန်းကြသည် ဟု မှတ်ချက်ချကြလေ၏။

တစ်နေ့သ၌ ဇေကရီသည် မိုးများ ရွာနေသဖြင့် ကော်ဖီတစ်ခွက်အား သောက်ကာ အေးဆေးစွာ နေနေလေ၏။

မဟေသီနှင့် ဒေဝီမှာ လည်း ၎င်းတို့ ပျော်သလို နေကြလေ၏။ အပြင်ဘက်၌ လည်း မိုးများ သည်းထန်စွာ ရွာသွန်းနေလေ၏။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

အိမ်အပြင်ဘက်မှ တံခါးခေါက်သံကြောင့် ဧကရီသည် ထိုင်ရာမှ ထကာ တံခါးအား ဖွင့်လိုက်၏။

အိမ်အပြင်ဘက်တွင် မိုးရေများ ဖြင့် တစ်ကိုယ်လုံး စိုရွှဲနေသော လူတစ်ယောက်အား တွေ့ရလေ၏။

ထိုလူ၏ လက်ထဲတွင် အနီရောင်အထုပ်တစ်ထုပ်ကို ကိုင်ထားလေ၏။ ထိုလူက

"ကျုပ်ကို ဒီအိမ်မှာ ခေတ္တ မိုးခိုခွင့်ပေးပါ"

ဟု တည်ငြိမ်စွာ ပြောဆို၏။

ထိုအခါ ဧကရီက

"ရှင် ...."

ဟု ရေရွတ်လိုက်ပြီး

"ဒီ ... ဒီမှာ ကျွန်မတို့ ညီအစ်မတွေပဲ နေတာ၊ မသင့်တော်ပါဘူးရှင်"

ဟု ပြောလေလျှင် ထိုလူက

"ခေတ္တခဏပါပဲ မိန်းကလေး"

ဟု ပြောလိုက်ပြန်၏။

ထိုသို့ အတန်ကြာပြောဆိုပြီးကြလျှင် ဧကရီက ၄င်းတို့ အိမ်တွင် ခေတ္တမိုးခိုရန်အလို့ ငှာ ခွင့်ပြု လိုက်လေ၏။

ထိုလူက

"ကျေးဇူးပဲ မိန်းကလေး"

ဟု ပြောပြီး အိမ်ထဲတွင် ဝင်ထိုင်လေ၏။

ထိုအခါတွင် မဟေသီနှင့် ဒေဝီတို့ ကလည်း ထိုလူအား အကဲခတ်ကြလေ၏။ မဟေသီက ဒေဝီအား

"ညီမလေး၊ ဒီလူက လူချောပဲဟ၊ အရပ်ကမြင့်မြင့်၊ အသားက ညိုညို၊ ရင်အုပ်က ကျယ်ကျယ်၊ နှုတ်ခမ်းမွေးက စစနဲ့ "

ဟု ပြောလေလျှင် ဒေဝီက မျက်စောင်းလှမ်းပြီး ထိုးလေတော့၏။

ထိုလူသည် စကားကို တစ်ခွန်းမျှမပြောတော့ဘဲ ထိုင်လျက်သာ နေ၏။

အတန်ကြာလျှင် အပြင်ဘက်ဝယ် မိုးသည် စဲသွားပြီ ဖြစ်လေ၏။

မိုးအနည်းငယ်စဲသွားလျှင် ထိုလူက...

"ကဲ ... မိန်းကလေးတို့ ကျုပ်ကို သွားခွင့်ပြုကြပါဦး"

ဟု နှုတ်ဆက်ပြီး ခြံထဲမှ ခပ်သုတ်သုတ်ဖြင့် ထွက်သွားလေတော့၏။

"ရယ်ဖို့ ကောင်းတယ်နော် ညီမလေးတို့ ၊ အဲဒီလူက အူကြောင်ကြောင်နဲ့ ...."

ဟု ဧကရီကပြောလျှင် ဒေဝီက ရယ်မောလိုက်ပြီး

"ဒီလူ သိပ်ထူးဆန်းတယ်"

ဟု မှတ်ချက်ချလေ၏။

ထိုအခါ မဟေသီက...

"ဒီလူ ... သူ့နာမည်တောင် ပြောမသွားဘူးနော် မမ၊ ချောတော့ ချော

တယ်"

ဟု ပြောပြန်၏။

ထို့နောက် ညီအစ်မများ သည် ကိုယ်လုပ်စရာရှိသည် များကို လုပ်ကြလေ၏။

ထိုစဉ် အစ်မကြီးဧကရီက ...

"ညီမလေးတို့ လာကြဟေ့။ ထူးဆန်းတာတွေ့ပြီ"

ဟု ခေါ်သဖြင့် မဟေသီနှင့် ဒေဝီက အနားသို့လာခဲ့ကြလေ၏။

ဧကရီက ...

"ဒီမှာ ကြည့်စမ်း ... ညီမလေးတို့၊ ဟိုလူ ကျန်သွားတာဖြစ်မယ်"

ဟု ပြောကာ အိတ်နီလေးအား ဖွင့်၍ ပြ လိုက်လေ၏။

ဧကရီနှင့် ညီအစ်မနှစ်ယောက်သည် အိတ်နီလေးထဲမှ ပစ္စည်းအားကြည့်ရင်း "အို"ဟု ရေရွတ် ကြလေ၏။

အိတ်နီလေးထဲဝယ် ရွှေရောင်အကွပ်ပါသော ကြေးမုံမှန်ဝိုင်းလေးတစ်ချပ်အား တွေ့ရလေ၏။

ဒေဝီက

"လှလိုက်တာ မမရယ်"

ဟု ရေရွတ်လေ၏။

၎င်းတို့ ညီအစ်မသုံးဦးသည် မှန်ဝိုင်းလေးအား ကြည့်ရှုကြရင်း ဒေဝီက ...

"ဒီမှာ ... ဒီမှာ ... မှန်နောက်မှာ စာတွေပါတယ်"

ဟု ပြောလေရာ ဧကရီနှင့် မဟေသီလည်း ကြည့်ကြလေတော့၏။ ဒေဝီက အသံထွက်၍

"လေပြည်လေညှင်းတို့ ၏ သွေးဆောင်ဖြားယောင်းမှုသည် ပန်းတို့ ၏ မာယာတည်း"

ဟု အသံထွက်၍ ဖတ် လိုက်လေ၏။

ဒေဝီက ...

"ဒီမှန်လေးကို ညီမယူမယ်"

ဟု ပြောလေလျှင် ဧကရီက ...

"ညီမတို့ ကို မမအမြဲအလျှော့ပေးခဲ့တယ်၊ ဒီတစ်ခါတော့ မမကို ပေးပါကွယ်"

ဟု ပြောလျှင် မဟေသီက ...

"ဘယ်သူမှ မယူနဲ့ ညီမပဲယူမယ်"

ဟု ပြောပြန်၏။

ညီအစ်မသုံးယောက်တို့ သည် ရွှေရောင်မှန်ဝိုင်းလေးအား သူယူမယ်၊ ငါယူမယ် ငြင်းခုန်လုယက်ကြလေ၏။ နောက်ဆုံး၌ သုံးယောက်သဘောတူမှုအရ ဧည့်ခန်းတွင် ပင် ချိတ်ထားကြလေတော့၏။

ထိုအဖြစ်အပျက်များအား တံမြက်စည်းလှည်းရင်း ကြည့်ရှုနေသော ခြံစောင့်ခါးကုန်းကြီးသည် ကြည့်ရှုနားထောင်ရင်းမှ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည် ကို ညီအစ်မများ သတိမပြုမိလိုက်ကြချေ။

ခါးကုန်းကြီးသည် တံမြက်စည်းအား ချလိုက်ပြီးလျှင် ခေါင်းတဆတ်ဆတ်ညိတ်လျက်

"အင်း ... အရေးတော်ပုံတော့ ပေါ်ပြန်ပြီ"

ဟု ရေရွတ် လိုက်လေ၏။

နောက်တစ်နေ့ နံနက်တွင် ညီအစ်မများ သည် မှန်ဝိုင်းလေးအား ကြည့်ရှုရန် ဧည့်ခန်းသို့ လာကြ လေ၏။

သို့ရာတွင် မှန်ဝိုင်းလေးအား မတွေ့ရတော့ပေ။ ဧကရီက ခြံစောင့်ကြီးအား ..

"ခြံစောင့်ကြီး ... ခြံစောင့်ကြီး ... မှန်ယူထားသေးလား၊ ဒီကို လာပါဦး"

ဟု အော်ခေါ်လေသော်လည်း ခြံစောင့်ကြီးကား မလာတော့ချေ။

ထိုစဉ် ဒေဝီက ...

"ဒီမှာ စာတစ်စောင် မမ"

ဟု ပြောပြီး စာတစ်စောင် ကမ်းပေးလေ၏။

ဧကရီသည် စာကိုဖွင့်ဖတ်ကြည့် လိုက်လေရာ အောက်ပါအတိုင်း ရေးထားသည် ကို တွေ့ရလေ သည် ။

"ညီအစ်မ သုံးယောက်တို့ ခင်ဗျား

ကျုပ်ဟာ ခါးကုန်းနေတဲ့ ခြံစောင့်ကြီးပါပဲ၊ ဒါပေမဲ့ ကျုပ်ဟာ ခါးမကုန်းပါဘူး၊ ကျုပ်ရဲ့ ဆရာထံမှာ ပေးခဲ့တဲ့ ကတိကို ဖောက်ဖျက်မိလို့ ခါးကုန်းနေတဲ့ ခြံစောင့်ကြီးအဖြစ် သုံးနှစ်တိတိ နေခဲ့ရတာပါ။ အခုတော့ ကျုပ်ရဲ့ ဆရာက တပည့်တွေကို ကိစ္စရှိလို့ ပြန်ခေါ်တဲ့ အတွက် ကျုပ် ဒီအိမ်ကနေ ထွက်သွားပါပြီ။ စိတ်ထား ကောင်းပြီး၊ ချောမောလှပတဲ့ မိန်းကလေးတွေနဲ့ အတူနေခဲ့ရတဲ့ နေ့တွေကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါ

ဘူး၊ ကျုပ်ရဲ့ ဟန်ဆောင်မှုအပေါ် ခွင့်လွှတ်ပ၊ မှန်ဝိုင်းထဲက ကဗျာစာသားလေးဟာ ကျုပ်နဲ့ ပတ်သက်နေပါတယ်၊ မှန်ဝိုင်းလေးကို နှစ်သက်တဲ့ မိန်းကလေးတွေအတွက် ကျုပ် သုံးခုတိတိ ပို့ပေးပါမယ်။

လူတိုင်း လူတိုင်းရဲ့ ဘဝမှာ တာဝန်တစ်ခုကတော့ ရှိကြစမြဲပါပဲခင်ဗျာ"

မိန်းကလေးများ သည် စာကိုဖတ်ပြီး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြလေတော့သတည်း။

***